# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၂၂) ရက်မြောက်နေ့အစီအစဉ်

## ( ၁၃ – ၇ –၂၀၂၆ ) (တနင်္လာနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းတင်ဦး၊ ကျေးသီးမဲဆန္ဒနယ်၏ **လူငယ်အများအပြား ပြည်ပထွက်ခွာမှု လျော့ချနိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ထားကြောင်း သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုးဝင်း၊ မိုးညှင်းမဲဆန္ဒနယ်၏ **ကချင်ပြည်နယ်၊ မိုးညှင်းမြို့ရှိ GTI အဆင့်ရှိ ကျောင်းအား GTC အဆင့်သို့ ပြန်လည်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ ကနောင်မြို့တွင် အစိုးရနည်းပညာ ကောလိပ်/သိပ္ပံ (GTC/GTI) တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစောဟောသားကြီး၊ သံတောင်ကြီးမဲဆန္ဒနယ်၏ **သံတောင်မြို့သစ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်မှု ရှိ၊ မရှိ၊ ရှိပါက မည်သည့် အချိန်တွင် ဖွင့်လှစ်မည်နှင့် မရှိပါက အဘယ်ကြောင့်မဖွင့်နိုင်ကြောင်းကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်၏ **ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သတ်မှတ်ဝန်ထမ်းများ ပြည့်မီစွာခန့်ထားပေးရန်နှင့် မြွေဆေးနှင့် ခွေးရူးပြန်ကာကွယ်ဆေးအပါအဝင် ဆေးဝါးများ ဖြန့်ဝေထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့တွင် နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် ကျောက်မျက်ဈေးတစ်ခု တရားဝင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်၏ **ဝါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထုတ်ယူဆောင်ရွက်နေမှုတို့တွင် နိုင်ငံခြားဈေးကွက်နှင့် နိုင်ငံခြားငွေရရှိမှုများ သိလိုခြင်းနှင့် MSME စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားဈေးကွက်ရရှိရန် ဝန်ကြီးဌာနများမှ ဈေးကွက်ရှာဖွေပေးမှုနှင့် ပူးပေါင်းကူညီဆောင်ရွက်နေမှု အခြေအနေတို့ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးထွန်းထွန်းမိုး၊ ရေတာရှည်မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူသည့်အခါ နေထိုင်ရေးအဆင်ပြေစေရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြေကွက်များ ဖော်ထုတ်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးခင်မောင်ချင်း၊ မြဝတီမဲဆန္ဒနယ်၏ **အခွန်လွတ်ဈေးများဖွင့်လှစ်ရန်နှင့် ဒေသထွက်ကုန်များ သယ်ယူရာတွင် ငွေကြေးကောက်ခံသည့်နေရာများ လျော့နည်းအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်၏ **မြင်းခြံ – မြစ်သားလမ်းနှင့် ဆက်သွယ်ထားသော ခရိုင်ပတ်လမ်း (၂) နွားလျှာရိုးကျေးရွာအထိအား ကွန်ကရစ်လမ်း (သို့) ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဍ) ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်၏ **တိုက်ကြီးကြာအင်းလမ်းနှင့် တော်လတီ၊ ကလော့သော့၊ စံကင်းလမ်း(၂)လမ်းအား ဆက်သွယ်ပေးမည့် လှိုင်မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဎ) ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ် စော်ရဲ-ဝန်ပတော့ (တောင်)- ဝန်ပတော့(မြောက်) တာဘောင်ပေါ်၌ မြေကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးလှခိုင်၊ ဇလွန်မဲဆန္ဒနယ်၏ **ဇလွန်မြို့နယ် ကော့ကပ်ကြီးကျေးရွာနှင့် ကော့ကပ်ကလေးကျေးရွာ ချောင်းကူး ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန်နှင့် တည်ဆောက်မပေးမီကာလအတွင်း တံတားဟောင်း အား ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(တ) ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်၏ **သီပေါမြို့နယ်ရှိ အခြေခံပညာ ကျောင်းများအား လာမည့်ပညာသင်နှစ်တွင် ပိုမိုဖွင့်လှစ်နိုင်ရန်နှင့် လုံလောက်သော ဆရာ/ဆရာမ အင်အား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ထ) ဒေါ်ခင်စောမူ၊ ကန်ကြီးထောင့်မဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်(၂၁)မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်အသစ်များ တစ်ဝက်သာပြီးစီးပြီး ပြန်လည်အပ်နှံခဲ့သော လုပ်ငန်း(၇၂)ခုအား အပြီးသတ်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။